(ရန်ကုန်ချီ) ဒေဝန်းကြီးမှတ်တမ်း

ဇေယျန္တု။ ။ ဗောဓိမည်ရ၊ မုနန္ဒသည်လောကသျှင်၊ သောင်းရပ်ခွင်ဤလူ့မြီ၊ ပွင့်လာဘိသည်၊ မုနိသမ္ဗုဒ္ဓေ၏၊
သီဒါဝယ်သဲလုံးရှိ၊ ဒွေးပါဒတော်၊ စုံနှစ်ဖော်ကို၊ ကျွန်သာလက်ဦးပီး၍၊ ကြောင်းဦးလျှောက်တင်ပါမည်၊ သောင်းဇမ္ဗူဝယ်၊
သျှင်လူရွှေနားတည်လော့။ မိစ္ဆိမည်နောက်ရပ်သာ၊ အန္ဒိယတိုင်းပြည်မသည်၊ ထက်မှာနတ်ဘုံသာသို့၊ မြစ်ဂင်္ဂါသီတာလည်း၊
သမုဒ္ဒရာ၊ လေးမျက်နှာသည်၊ ပတ်ကာဝန်းလျှက်နီ၏။ ဘိလပ်ပြည်မြို့စကြ္ကာ၊ အိမ်ရာစီသည်၊ ပဆာမင်းတုံသော်ကား၊
ထက်ဒေဝါဟန်မပြား၊ လေးယောက်မောင်ပင်၊ ဝေဟန်သျှင်သည်၊ ဘုံခွင်မိုဃ်းသကြားသို့။ သျှင်မင်းများထံတော်ဝယ်၊
တရာ့တစင်း၊ ထီးဆောင်းမင်းရှို့၊ မကြွင်းခရှိသေလျှက်၊ ဘဏ္ဍာငွေခန့်ဇနာ၊ အဖူးလက်ဆောင်၊ များမြောင်ဆက်သွင်းပါ၏၊
မင်းမြတ်စွာအဏာနှင့်၊ ကုလီကတ္တာ၊ ရွှေမြို့တော်ဝယ်၊ ဗော်ရော်လာသတ်ကလည်း၊ နှုတ်သံမြအမိန့်တော်၊ ငါစိုးအုပ်သည်၊
အရှိတောင်ဖက်ဝယ်၊ ခေါ်တွင်ကာစစ်တကောင်း၊ မြို့ဝန်အရာ၊ ခန့်အပ်ပါသည်၊ ဝါနော်သပ်ဖလောင်းရှို့၊
လျှင်ကြောင်းစီလွှတ်ခါ၊ ဝါနော်သပ်လည်း၊ မင်းမြတ်၏အာဏာနှင့်၊ ချီကြွလှာတုံပေငြား၊ ဆိုက်ရောက်ပါသော်၊
မြို့မှာမူးမတ်များနှင့်၊ မျိုးလေးပါးသူတကာ၊ မိမ္မယောက်ျား၊ တိုင်းပြည်သားမှာ၊ မိဘရောက်ပြန်လာသို့၊
အုပ်ချုပ်ကာစီရင်ငြား၊ မရမာသည်၊ ဘာသာစပ်တခြားနှင့်၊ လိမ္မငြားတတ်ပွန်သူ၊ အမိန်းပုစ္ဆာ၊ ပြဿနာကို၊
ကျီအောင်ဖြေမည့်လူဟု၊ တွေးဆယူရှာသောအခါ၊ ပွင့်သစ်ပန်းသွင်၊ မေ့ထိပ်တင်သည်၊ သခင်ကိုတွေးမြော်၏။
ခေါ်တွင်ကာလူအများ၊ သော်တလီမည်၊ အောင်ကျော်ရှိသည်၊ သက်ဝီမေ့ထိပ်ထားကို၊ မြော်မြင်ငြားလူတကာ၊ ရင်၌မွှီးသည်၊
သားကြီးဟန်ပမာသို့၊ မြို့ဝန်သာဝေါနော်သတ်၊ မေ့ချစ်မောင်ကို၊ စိတ်တွင်လောဘကပ်လျှက်၊ မပြတ်ငါ့ထံမှာ၊
တိုင်းပြည်ကိစ္စ၊ ဟူသမျှသည်၊ တခုမကျန်ပါအောင်၊ ဆောင်ရွက်ကာနီရမည်၊ စားစရိပ်မှာ၊ တလငွေနှစ်ဆယ်ကို၊
မပြတ်စီပီးမည်သာ၊ အာဏာချသည်၊ ရှိကတောင်းဆုပါ၍၊ သက္ကရာဇ်မှာထောင်ဖြစ်၊ တရာသျှစ်ဆယ်၊ စွန်းဝယ်နှစ်ခုနှစ်ဝယ်၊
အချစ်မေ့သခင်၊ စစ်တကောင်းသည်၊ ဖလောင်းမင်းရင်ပြင်၌၊ တိုင်းပြည်တွင်မှုကိစ္စ၊ ပေါ်ထွက်ရာကို၊ ဗြီဖျော်မိုးမစက၊
ယင်းမှာနီသူရှို့မှာ၊ ရီခမိုးကို၊ ချမ်းချမ်းဖက်နီပါသို့၊ ပျော်ပါးကာအသွယ်သွယ်၊ ချမ်းငြိမ်းလှသည်၊ ထက်မနတ်ဘုံပြည်သို့၊
ရွှင်စမွှါယ်နီကြ၍၊ မေ့ချစ်မောင်ကို၊ နတ်လူသထာ၏လည်း။ ။ နတ်လူသထာ၊ နီလျှင်းပါသည်ယင်းခါတွင်၊
ထောင်ကျော်လျှင်သက္ကရာဇ်၊ တရားသျှစ်ဆယ်၊ စွန်းဝယ်ငါးခုနှစ်ဝယ်၊ ခေါ်တွင်လိုက်သျှင်မဖြူ၊ ထိုကျွန်းငယ်မှာ၊
စောင့်နီရဲမက်လူကို၊ အောက်သားမှုသျှမ်းရှို့သာ၊ ဆိတ်ဖာအိပ်ကို၊ ခေါ်၍သတ်ဖြတ်လာလျှက်၊ အပိုင်သာခံလိုငြား၊
ရန်စရှာသည်၊ ယင်းမှာသျှမ်းအောက်သာရှို့၊ ပြုကျင့်ငြားထိုခြင်းရာ၊ ရှိသံ်ာသည်၊ ကြမ္မာဘုန်းကြောင့်တည့်လေ။

ဘုန်းကြောင်းဇကန်၊ နီကြပြန်သည်အမှန်သာ၊ ယင်းသောခါရှို့သခင်၊ ရာပသိန်သတ်၊ မင်းမြတ်နှုတ်ရွှေစင်နှင့်၊
ဟမ္ဗွတ်ကျင်ပြောလတ်သည်၊ ရခိုင်ပြည်တွင်၊ ဇင်ပတ္တင်ကို၊ မြို့ဝန်ခန့်ခမည်တည်း။ ရမ်းပြည့်ဝယ်ငါလားခါ၊
ဖွဲ့ဒါကြီးလည်း၊ မပြတ်နောက်တော်မှာ၌၊ ချီလားရာပါရမည်၊ အောင်ကျော်ရှိမည်၊ သော်တလီသည်၊ ငါ့ဆီလိုက်ရမည်ဟု၊
ဟမ္ဗွက်ထွေဆိုပြီးခါ၊ ပတ္တင်သတ်ကို၊ မြို့တွင်ထားခဲ့ပါ၍၊ မိုးဃ်းပွဲသော်နောက်ခါဝယ်၊ စစ်တွေကျွန်းကို၊
မြို့ကြီးတည်လုပ်လီဟု၊ ပြောဆိုထွေယင်းနောက်မှ၊ သဘော်ာလှီတွင်၊ ဝန်ဆန်ပျင်၍၊ အလျှင်ချီကြွက၊ မေ့ချစ်စယင်းသောခါ၊
မနီရသည်၊ မင်းကြီး၏အာဏာကြောင့်၊ မွှီးမည်တော်ရွှေနို့သျှင်၊ အလျှင်မွှီးသည်၊ သမီးလှပန်းသွင်နှင့်၊
သားဦးလျှင်ထွန်းအောင်ကျော်၊ ထွန်းပမယ်ကို၊ ဖခင်အောက်မိကာနှင့်၊ နောက်တော်လားပါလီရာ၊ လားလျှင်းပါသော်၊
ထိုမှဝံဘိုဝ၌၊ ဆိုက်ရောက်ကြလီသောအခါ၊ လီသင်းခုန်းသည်၊ မုန်တိုင်းဟန်ပမာသို့၊ ထလတ်ရာတုံပေငြား၊
ရွှေနို့သျှင်သည်၊ မိခင်ချွေးမများကို၊ အောက်မိငြားတကာကာ၊ တဆတ်ဆတ်သည်၊ မပြတ်လားလီပါ၍၊
ရမ်းပြည့်သာမြို့သာဝယ်၊ များမကြာသည်၊ ယင်းတွင်ဆိုက်ရောက်လီက၊ မာန်အောင်ဝယ်သံတွဲမှာ၊ ဟိသမျှသည်၊
လူကြီးလူငယ်သော်ကား၊ ဝမ်းကြီးသာအားပါးရ၊ လာကြပါသည်၊ သကြံ်န်ပွဲမကတည့်။ ရှိတုတ်ကွအသွယ်သွယ်၊
ရှို့သခင်သည်၊ အသျှင်ထံတော်ဝယ်၌၊ ခယထွေနီကြခါ၊ တန်သည်သူကို၊ ယင်းတွင်ရွှီးစီပါလျှက်၊ ကျွန်းချောင်းမှာအသီသီး၊
သူကြီးအရာ၊ ခန့်အပ်ပါသည်၊ ယင်းမှာဆတ်ခပ်ပြီးလျှင်၊ လွန်ချမ်းငြိမ်းသာယာစွာ၊ လေးမြို့စုံကို၊ ညီအောင်ပြုလျှင်းပါ၍၊
အရှိမှာအင်းဝပြည်၊ သျှင်ဘုရာင်ကို၊ ငါပင်တိုက်ချီမည်ဟု၊ နောက်တော်ဝယ်မြဲမကွာ၊ အောင်ကျော်ရှိနှင့်၊ ဖွဲ့ဒါလိုက်ရပါအံ့၊
ဟမ္ဗွက်ကာဆို၍ပေ၊ သုံးပင်တိုင်သည်၊ လှီယာဉ်သဘော်ာဝယ်၌၊ လက်နက်ထွေပြောင်းဇဝါ၊ သေနပ်များနှင့်၊
ခဲယမ်းဗုံးစကြ္ကာကို၊ စုံအောင်သာယူ၍ပေ၊ မိငုံသတ်သည်၊ ယင်းခါပါလျှင်းလီ၏။ အေသျှိမ်သော်ရာသတ်၊ သျှင်ဘုရင်မှာ၊
မြတ်ရာစီခန့်လွှတ်သည်၊ ဗေတင်တတ်ပ္ပဏားတော်၊ နံဒရင်နှင့်၊ အမှာတော်ရှီးသားသာတည်း၊ နားခံမှာငအုတ်ကေ၊
သားမယားနှင့်၊ မကြွင်းယူလီသည်တည့်၊ ချီတက်မည်တုံသောအခါ၊ မေ့ချစ်စသည်၊ နွမ်းလျစိတ်ဗျာပါနှင့်၊
မွှီးမည်တော်ရွှေနို့သျှင်၊ အိုယိုမစွမ်းနှင့်၊ သားကိုတရှုကျင်၍၊ လွမ်းပူပင်တလျှက်ပေ၊ ရောဂါစီး၍၊ မချိဟိလတ်မည်ကို၊
စိတ်တွင်ဝယ်တွက်လျှက်သာ၊ မွှီးမိခင်ကို၊ မမြင်ရခဲ့ပါ၍၊ စီးဖြိုင်ကာမျက်ရည်ကျ၊ စိတ်ဆာဝီသည်၊ လီပွိမုန်တိုင်းထသို့၊
တမ်းရှုတအောင့်မိကာ၊ လှီသဘော်ာတွင်၊ ကျွန်ရှို့နောက်တွင်ပါ၏၊ ချီလားရာယင်းကပင်၊ သီတာမြစ်ကို၊
လွှင့်ငြားတက်လားလီသည်၊ ရန်ငုမ်မြို့ရှာသို့လေ။ ။

ရန်ငုမ်မြို့ရွာ၊ ထွက်လားပါသည်ယင်းခါတွင်၊ ကမ်းမမြင်သီတာမှာ၊ လိပ်ကျောက်ငါးမန်း၊ ပြွန်းပြွန်းပေါပြန်လှာက၊
ငါးဆင်သာရောက်လတ်မှ၊ ငါးတောက်သူလည်း၊ ရီတွင်ဖြိုထိုးကြ၏၊ လင်းသျှူကပေါ်ကာကာ၊ ရီမီးကျောင်းလည်း၊
ကိုက်မည်ချည်းသာရှာလျှက်၊ ပြင်သာမှာတဋ္ဌာန၊ ပတ်ကာဝန်းကာ၊ ရစ်ကြပါသည်၊ ထိုမှာလိပ်ငါးမန်းကို၊
ဆောင်းရှားကားပုံရုပ်ဟန်၊ ငါးဒရှည်မှာ၊ ရီတွင်ခုန်လွှားပြန်လျှက်၊ ကဇတ်ဟန်သူ့ဘာသာ၊ ငါးသဘင်ကို၊
ယင်းတွင်မြင်ရပါ၏၊ ဝေဘူမှာစိုက်ကာမျော၊ တင်းကျိန်ငယ်လည်း၊ ရီတွင်ငုတ်ကာစားလျှက်၊ ဇင်ယော်ကနားပင်းသာ၊
မြစ်လယ်ကြောဝယ်၊ သောသောပုံဝဲကာနှင့်၊ ကြိုးကြာမှာတဋ္ဌာန၊ အခြီစင်းစင်း၊ လိုင်ကြင်းကြင်းနှင့်၊ ခုန်ဆင်းခုန်ဆင်း၏၊
ရီငှက်မဟသ်ာမှာ၊ မောင်နှံနှစ်ပါး၊ တူစုံလား၍၊ တောင်ဖျားယှက်ခြံကြာနှင့်၊ အစာသာခွန့်ကြလျှက်၊ လိုင်ချင်းယှက်တင်၊
မြူးပျော်ရွှင်သည်၊ ရီတွင်သဘင်ငှက်ရို့ကို၊ မေ့ချစ်သက်မြင်သောခါ၊ သားဦမိခင်၊ ငယ်ကျွမ်းဝင်သည်၊
ယင်းတွင်မမြင်လှာတည်း။ မြစ်သီတာလွင့်ကာလား၊ ဖီးဖိုးစိုင်လာ၊ ရုံခါမရောက်ငြားဘဲ၊ တလိုင်းများတိုင်းပြည်သာ၊
ရန်ကုန်မြို့တွင်၊ လျှင်စွာရောက်လီပါက၊ သူ့ပြည်ရွှာဋ္ဌာနဝယ်၊ ရီလည်းမတူ၊ စားမူရွံ့ရှာဖွယ်ကြောင့်၊
ကျွန်နောက်ဝယ်ပါသူများ၊ စာကိုင်ခေါ်ထွေ၊ နားပေါက်ကယ်နှင့်၊ ဖောင်ရီမှာခိုင်းစသာ၊ တိုက်စိုးကားတိုးအောင်ကြွယ်၊
အိုးဖောက်ကယ်သာ၊ စံရှိဖော်နှင့်၊ တွင်ခေါ်ကြွင်းယေတည်း၊ ကုလားဝယ်မုန်သီးသာ၊ ဖွဲဒါကြီးမှာ၊
ယောက်ဖတော်တုံပါလျှက်၊ ကာလနာလိုက်၍ပေ၊ တနိတည်းမှာ၊ ကျင်းကျင်းစုတေ့သီ၏၊ အစံယေပျာဒါကား၊
လမ်းလားရာမှာ၊ ခန္ဓာစုတေ့ငြားလျှက်၊ ခေါ်တွင်ထားလူတကာ၊ ကျီးပင်းရှည်မှာ၊ အကယ်ကျွန်းအုပ်သော်ကား၊ (------)၊
ဒလဖက်မှာ၊ ဟိသည်တလိုင်းစုဝယ်၊ ရွှင်ပျော်မြူးစားကာကာ၊ လင်နှင့်မယား၊ သမီးသားသည်၊ ပျော်ပါးနီခြင်းရာကို၊
မျှော်ချေမိတုံကာဝယ်၊ ပန်းသွင်မိခင်၊ ငယ်ကျွန်းဝင်နှင့်၊ နို့သျှင်ချွေးမငယ်ကို၊ အောင့်မိချေတုံသောခါ၊ ကိုယ်တွင်အသက်၊
ထိပ်သို့တက်၍၊ ဇောသွီးပြန်လတ်ပါလျှက်၊ ကာလနာယှဉ်း၍ပေ၊ အသက်လိပ်ပြာ၊ သူ့ခန္ဓာသည်၊
ယင်းခါထွက်လုဖွယ်တည့်၊ ဖြစ်လတ်ပေတုံသောအခါ၊ အနိစ္စနှင့်ဘုရားသာမပါဟု၊ တိုင်တန်းကာကိုးကွယ်မှု၊
ဖီးခပ်သိမ်းသည်၊ ပျောက်ငြိမ်းချင်းချင်းကုန်က၊ မြို့ရန်ငုမ်ရပ်ကိုဝယ်၊ ပါယ်ချောင်ခ၍၊ ချီတက်လားကြလီသည်၊
အင်းဝမြို့တော်သို့လေ။

အင်းဝမြို့တော်၊ တက်လားပါသည်ယင်းခါလျှင်၊ လက်ဝဲတွင်ဒလပေ၊ သရက်တပင်၊ ထိပ်ဝတွင်၌၊
လျှင်လျှင်ဆိုက်ရောက်လီက၊ ကြွချီတက်လီသောခါ၊ လက်ယာနားမှာ၊ ရန်ကင်းစံရာသာတည်း၊ ခေါ်တွင်ကာခနေဖြူ
ပါယ်ချောင်၍ချီကြွလားလီမူကား၊ လက်ဝဲတွင်ဟသ်တ၊ ထို့နောက်ပုံ့အောင်၊ ပါယ်ချောင်ဆန်တက်လား၍၊
လက်ယာနားကမ်းဝဝယ်၊ ညောင်ဇရဲဟန်၊ နာမရန်နှင့်၊ ရွှေတောင်မြို့ရောက်လီ၍၊ လက်ဝဲနီမြစ်နားမှာ၊ ပုတောင်းမြို့ကို၊
လျှင်စောရောက်လီပါက၊ တလိုင်းသာသျှမ်းအောက်သား၊ ကုတ်ကာရှုတ်ကာ၊ ပုန်း၍လာသည်၊ ညဥ့်ခါသူခိုးလားသို့၊
လမ်းစပ်ကြားခရီးမှာ၊ ခိုးလျှက်သတ်မည်၊ ဒရပ်လာတုံပါက၊ ချောင်းမြောင်းတောင်ကြား၊ သီပျောက်များသည်၊
ရွံ့ငြားမရပါတည်း၊ ထွက်၍လျှင်ပြီးလီခါ၊ ရှိ့သခင်သည်၊ လျှင်လျှင်ချီတက်လာလျှက်၊ ပြည်မြို့သာရောက်လီက၊
ကိုးသောင်းဗိုလ်နှင့်၊ ယင်းတွင်တို့ကြကုန်၏၊ ခေါ်တွင်ထလူတကာ၊ ကြက်တောင်ဗိုလ်ဟု၊ နာမဟိုးဟိုးကျော်လျှက်၊
ဇော်နေသာကမ်ရိသတ်၊ ဗိုလ်ချုပ်ကြီးနှင့်၊ တိုင်ပင်ပြောဟောကြပ်လျှက်၊ နှုတ်ကွမ်းဆက်နီသောခါ၊ မျက်မုန်ဗိုလ်ဟု၊
နာမည်ကျော်ဇောပါ၏၊ မေဇော်သာဇောသျှိန်သတ်၊ တပ်ဦးဗိုလ်လည်း၊ ယင်းတွင်ရောက်ပြန်လတ်က၊
စားသောက်ကြအလိုလို၊ ပျော်မှုဆင်၍၊ ယင်းမှာနီကြပေသည်၊ ပြည်မြို့ရပ်ဝယ်တည့်လေ။

ပြည်မြို့ရပ်မှာ၊ နီကြပါသည်ယင်းခါတွင်၊ တလိုင်းလျှင်သျှမ်းအောက်သား၊ မိန်းမဗိုလ်သည်၊ ယင်းတွင်ရောက်လာငြား၍၊
ပြည်မြို့ပါးအနီးမှာ၊ ရသေ့မြို့တွင်၊ တပ်မူစွဲငြားလာလျှက်၊ လက်ဝဲမှာနဝင်းတပ်၊ ဝက်ထီးကန်ဝယ်၊ မှန်စွာတပ်ကြီးရပ်၏၊
ကမ်းပါးစပ်မြစ်နားမှာ၊ ဖိုးဦးတောင်သည်၊ မြင့်ခေါင်အထွတ်ချာ၌၊ တပ်တောင်တာစွဲကာပေ၊ မြေထဲမြို့မှာ၊
တတပ်တည်လျှက်နီ၏၊ ကခုန်သည်တသောသော၊ ဟစ်မောင်းကြော်၍၊ သံဝါခြိမ့်သဲအော်လျှက်၊ အမှားမှားအောက်သားမှာ၊
ကောင်းမည်ထင်လျှက်၊ ယင်းတွင်နီကြပါသည်၊ ကိုးသောင်းသာဗိုလ်ချုပ်ကြီး၊ တပ်ဦးဗိုလ်ကို၊ ယင်းတွင်အာဏာပီး၏၊
မြို့အနီးသျှမ်းတပ်ကို၊ လက်ဝဲကြောင်းသာ၊ တပ်ဦးချီလီဆိုလျှက်၊ လက်ယာကိုငါတက်မည်၊ မြင်းစီးများမှာ၊
တောကပုန်း၍နီလော့၊ ပြောကြပြီးတုံသောခါ၊ ရဲမက်များနှင့်၊ လျှင်စောချီတက်ပါ၍၊ တပိုကျော်နီထွက်ဝယ်၊
သျှမ်းတပ်ကြီးကို၊ နင်းလျှက်တိုက်ကြလီက၊ ဂူရာသည်စာဖာအိတ်၊ မြင်းစီးများသာ၊ ခွတ်ကြပါသည်၊ လယ်မှာစပါးရိတ်သို့၊
သျှမ်းမကြီးဗိုလ်လုပ်သူ၊ မိသျှင်သဲသည်၊ နိစ္စခန္ဓာကုန်၏၊ နီဝင်မူတပ်ရို့မှာ၊ အောက်သားမိုက်သည်၊ ပြီး၍မလွတ်ပါတည်း။
ရဲမက်တော်ဂူရာများ၊ အသွယ်သွယ်သည်၊ ရှာဖွေတိုက်သတ်ငြားက၊ ဝက်ထီးနားတပ်ထဲနီ၊ အောက်သားမိုက်သည်၊
ကျင်းကျင်းမြုတ်လျှက်သီ၏၊ မိုးဦးဝယ်တောင်ထိပ်မှာ၊ ဗုံးစကြွာကို၊ ဆင့်ကာလွှတ်လိုက်ပါက၊ ပြီးချောင်ကာပုန်းမလွတ်၊
တောင်ကြားချောက်မြောင်၊ နံ့အောင်ဖြန့်လျှက်သတ်၏၊ မြေထဲရပ်တပ်ကိုပေ၊ ဂူရာများသည်၊ ပြီးလွှားတိုက်ကတ်လီက၊
ကြောက်ဗုန်သည်မခံချို၊ တပ်လုံးသူသည်၊ အလျှင်ထွက်ပျာပြီး၏၊ ရန်တစိမပေါ်လှာ၊ တပ်အများကို၊

လျှင်စောနိုင်နင်းပါသည်၊ ဘုန်းတော်အကြောင်းနှင့်လေ။

အကြောင်းဘုန်းတော်၊ နိုင်နင်းပါသည်ယင်းခါလျှင်၊ ပြည်မြို့တွင်စေတီကြီး၊ ရွှေဆံတော်ကို၊ ယင်းမှာပူဇော်ပြီးမှ၊
အသီးသီးချီကြခါ၊ မီးသင်္ဘောသည်၊ ရီကြောင်းဆန်တက်ပါ၍၊ ကုန်းကြောင်းမှာတစလား၊ နဲ့ပြီခရာ၊ ဗောမှုတ်ပါသည်၊
ပတ်သာအငြိမ့်များနှင့်၊ ဆင်မြင်းကားရထားသာ၊ အနန္တသည်၊ ရှိတွက်မရပါတည်း။ သူရဲတော်သိန်းကုဋေ၊ လေးပါးစစ်အင်၊
မွန်းဖျင်ပြည်ထဲချီ၍၊ လားကြလီတုံသောခါ၊ ကာမမြို့ကို၊ လက်ဝဲထားခဲ့ပါလျှက်၊ လက်ယာမှာဆင်ပေါင်ဝဲ၊ သရက်မြို့သာ၊
လက်ဝဲမှာကို၊ ပါယ်ခွာချောင်ထားခဲ့လျှက်၊ တသဲသဲချီတက်ခါ၊ ပဌနဂို၊ တွင်ဆိုမြို့ဇောက်ပါက၊ ဆိုင်းရပ်ကာတပ်ကြီးချ၊
များဗိုလ်ပါသည်၊ ယင်းမှာစုရုံးကြ၍၊ နောက်ဖက်ကမြစ်နားမှာ၊ မလွန်မြို့ဝယ်၊ အောက်သားတပ်ဟိပါလျှက်၊
ပခင်းသာမင်းမြတ်ဖူး၊ ပသချင်လျှင်၊ သျှင်ဘုရင်မှာ၊ ညီတော်အထွီးဆုံးတည်း၊ ဗိုလ်မှူးကြီးယင်းတပ်မှာ၊ ကျီဝန်မင်းကို၊
အကြီးပြုပါလျှက်၊ ကောလင်းသာမင်းကြီးပေ၊ တပ်မှူးရာကို၊ ယင်းတွင်ပြုလုပ်သည်တည့်။ အာသံဝယ်တိုက်ချီသူ၊
သီလဝသည်၊ စစ်ကဲပြုရတုံလျှက်၊ နားခံမှူယင်းသောခါ၊ ဇေတဗိုလ်သည်၊ မှန်မှန်ပြုလုပ်ပါ၍၊ စကားသာပြန်တတ်ငြား၊
ဒါဝိုက်ကေကို၊ အမှန်တည့်တည့်ထားလျှက်၊ သူရဲကားယင်းတွင်သာ၊ တပ်သုံးတပ်မှာ၊ ငါးသောင်းလောက်ဟိပါ၍၊
နီကြခါတုံပေ၊ မလွန်တပ်ကို၊ နင်း၍တိုက်ယူမည်ဟု၊ ကြံကြသည်တခါတွင်၊ မင်းမြတ်ဖူးက၊ တမန်စီလွှတ်ကျင်၏၊
တပ်ကိုလျှင်ဆိုင်းရပ်ပါ၊ အမိန်းပုစ္ဆာ၊ ပြဿနာကို၊ ပြီးအောင်ဖြေကြပါအံ့။ ပြောတုံလာသောခါပေ၊ မြစ်လယ်ကြောတွင်၊
လှီဖောင်ဖွဲ့လုပ်နီ၍၊ အောက်သားဝယ်ကျီဝန်ကြီး၊ ကောလင်းမင်းသား၊ လျှင်စောလာတုံငြားက၊ ဗိုလ်ချုပ်ကြီး
ကြက်တောင်ဖန်၊ ရာပသိန်သတ်၊ မင်းမြတ်လားမည်ကြံက၊ ကြည့်မျက်မှန်တပ်ဦးကို၊ ဇောသျှိန်းသတ်သည်၊
နောက်ထပ်လိုက်မည်ဆို၍၊ သုံးပါးဗိုလ်ပေါင်းပြီးခါ၊ မြစ်လယ်ဖောင်မှာ၊ လျှင်အောင်လားလီပါလျှက်၊
နှစ်ဖက်သာမင်းစပ်ကြား၊ ဒါဝိုက်ကေသည်၊ ထိုဝယ်ပြန်၍ပြော၏၊ မြန်မာများကူး၍ပေ၊ ငတ်မော်ရပ်က၊
အထက်ဖမ်းယူလီသည်၊ ရဲမက်ငယ်စဖာအိတ်၊ အမိရိကာ၊ ထိုမှာအင်္ဂလိပ်ကို၊ ယူဆောင်ပြီးပီးပါမည်၊ ဆယ့်ငါးရက်နှင့်၊
လိုသည်စရစ်ကို၊ ပြေလည်အောင်ပီးဆက်က၊ ရန်ကုန်မြို့သို့လျှင်၊ လျှင်စောဆုတ်လားကြလေ့၊ ကျုပ်တို့ကားနောင်တခါ၊
ခိုက်ရန်များမပြုလုပ်ပါဟု၊ ပြောဆိုရာနှစ်ဖက်သား၊ လက်ဝါးရိုက်ကာ၊ စာချုပ်ပါလျှက်၊ မှန်စွာကတိထား၍၊
ပ္ပဏားကားဆရာတော်၊ နံဒရင်မှာ၊ အမှာတော်ရှီးသာတည်း။ နားခံမှာငအုပ်ကေ၊ အကုန်သူကို၊
ယင်းတွင်လွှတ်လိုက်ပေလျှက်၊ များဗိုလ်ခြီရဲမက်တော်၊ ဆယ့်ငါးရက်ကို၊ ဆိုင်းငံစောင့်နီပါသည်၊ သစ္စာကတိနှင့်လေ။ ။

ကတိသစ္စာ၊ စောင့်နီပါသည်ယင်းခါတွင်၊ ------- (ပီပျောက်)

ရာပသိမ်သတ်၊ မင်းမြတ်နှုတ်ရွှေစာနှင့်၊ ရခိုင်မှာမှူးမတ်ကား၊ အောင်ကျော်ရှိမည်၊ သော်တလီသည်၊ ငါ့ဆီရောက်စီသောဟု၊
ခေါ်ယူငြားလီသောခါ၊ ပွင့်သစ်ပန်းသွင်၊ မယ့်သက်သျှငိသည်၊ သခင်ရောက်လီပါက၊ ဝမ်းပန်းသာအားကြီးရ၊ ရင်၌မွီးသည်၊
သားကြီးပင်မကတည်း။ ချစ်မြတ်လှဆိုလျှက်ပေ၊ ခုနှစ်ဆက်သည်၊ ကောင်းမှုဟိဖူးလီ၍၊ တွိကြုံသည်မှန်တည့်တည့်၊
ပွင့်လောင်းလျှာသည်၊ သခင်ဘုန်းကြောင့်တည်းလေ။

ဘုန်းကြောင်ဇာကန်၊ တွိကြုံပြန်သည်အမှန်သာ၊ မင်းမြတ်စွာနှုတ်တော်က၊ ကုမ္ဘဏီသည်၊ အသျှင်ရီးကိစ္စ၏၊
လိုသမျှအကုန်ပေ၊ ကြိုးစားဆောင်ကြံလျှက်၊ မှန်မှန်ထမ်းရွက်ပေက၊ ရခိုင်ပြည်ရကာလ၊ စိတ်ဟိရာကို၊
ထိုခါကြံတွေးဆလျှက်၊ လိုသမျှအကုန်ပေ၊ ငါမစ၍၊ သူကောင်းပြုခမည်ဟု၊ ဟမြွက်ထွေဆိုသောခါ၊ မေ့သခင်သည်၊
ယင်းတွင်ဝမ်းကြီးသာလျှက်၊ နောက်ကိုသာမျှော်ထောက်ထား၊ အခမေးနာ၊ သူကားငွေတပြားမျှ၊ မစားမယူပါ၊ လိုသရိကို၊
ထမ်းပိုးရွက်ဆောင်ရာ၍၊ အရှိမှာရန်ငုမ်ဝယ်၊ ငါးရာလူကို၊ လျှင်လျှင်လွှတ်ချင်သည်ဟု၊ ဟမြွက်ထွေဆိုလတ်ခါ၊
ကောင်းရာလူကို၊ လွယ်ကူရှီးချယ်ပါလျှက်၊ ငါးရာသာရခိုင်သား၊ မေ့သက်သျှင်သည်၊ ယင်းတွင်ပီးတုံငြားက၊
လှီသင်္ဘောနှစ်စင်းမှာ၊ တင်ယူဆောင်၍၊ လျှင်အောင်လားလီပါ၏၊ ပညာခေါ်လမ်းထွင်သား၊ ငါးရာလူကို၊
လွယ်ကူတောင်းလတ်ငြားလည်း၊ ရခိုင်သားလူငါးရာ၊ ဖောင်သာရှိကို၊ အကြီးခန့်အပ်ပါ၍၊ ဣသျှီကာကာတင်သတ်၊
ဣရာဇီကို၊ အကျွန်လက်တည့်အပ်က၊ လွန်ချစ်မြတ်ဝမ်းကြီးသာ၊ ရခိုင်သားသည်၊ ဘေးကပ်ငါးထောင်ကျော်နှင့်၊
သူရဲတော်ရှိ့စီးနင်းရန်၊ လှီများအားလုံးစွာကို၊ စုဆောင်းကာရှာ၍ပေ၊ ပွင့်သစ်ပန်းဟန်၊ မေ့သက်နှံ့သည်၊
လျှင်တန်ပီးအပ်သည်တည့်။ ရခိုင်ပြည်လားဖူးသူ၊ ကုန်းကြောင်းလမ်းနှင့်၊ ရီကြောင်းလမ်းနှစ်ပါးစုံကို၊ ပြနိုင်သူပီးရမည်၊
ရခိုင်ပြည်ခြင်း၊ နီပုံခင်း၍၊ လျှင်ပြင်းဂုပြပေလော့၊ ဟမြွက်ထွေဆိုလတ်ခါ၊ နီပုံခင်း၍၊ ချက်ချင်းပြသပါလျှက်၊
လမ်းသိမှာထွန်းပေါ်ဝေ၊ ဖသက်နှံ့နှင့်၊ ချီးခံသတိုးဝေကို၊ ခေါ်ယူထွေတုံပြီးခါ၊ ကတ်တင်ဟူမှတ်၊ ဒေါင်ရောင်မော်သတ်ကို၊
လွှတ်လွှတ်ပီးအပ်ပါက၊ ဝမ်းကြီးသာအားပါးရ၊ သျှင်မင်းကြီးကို၊ ယင်းတွင်ချီမွှမ်းကြ၏၊ ဂုပြီးမှငါလားမည်၊ ရဲဗိုလ်ပါလည်း၊
မကြာဂုစုံစီဟု၊ ဟမြွက်ထွီဆိုသောခါ၊ သိန်းသန်းကုဋေ၊ ဗိုလ်ခြီအများလာလျှက်၊ ခြီရင်းတွင်စုရုံး၍၊ များဗိုလ်ပါသည်၊
မကြာရောက်လာ၏လေ။ ။

ရောက်၍ဇကန်၊ ချီတက်ပြန်မည်အမှန်သာ၊ မင်းမြတ်စွာနှုတ်တော်က၊ ရောင်ဇနောင်ကို၊ ယင်းတွင်အဏာချ၍၊
သဘော်ာနှင့်လိုဂို့မှာ၊ သူရဲပုံ့သည်၊ အမှန်ရဲမက်တော်လည်း၊ ဂုရာသာစီးရမည်၊ ပြောင်းကြီးဇဝါ၊ ဖုံးစကြာကို၊
ယင်းမှာတင်ယူလီလော့၊ ကုန်းကြောင်းဝယ်တစလား၊ ရထားမြင်းဆင်၊ လှည်းငင်ဝန်တိုက်နွားနှင့်၊
ရဲမက်များထောင်သောင်းကို၊ ရခိုင်ဗိုလ်မှတ်၊ ဒေးသျှိန်သတ်သည်၊ မပြတ်တပ်ဦးချီလော့၊ နောက်ရပ်မြီသူရဲဖော်၊
စပါအိတ်သည်၊ ဟိန္ဒုတ်သားနီသာတည်း။ ။ (ပီပျောက်)

(၁၃၂၅ ခု၊ ကဆုန်လပြည့်ကျော်တရက်၊ ဗုဒ္ဓဟူးနိ) (လက်နှိပ်စက်ရိုက်သောနိ)
ကိုလှမောင်ပါးကဝယ်။ လက်မှတ်ထိုး (၅၊၁၂၊၉၃)